-ပေါက်ဖော်ချစ်ကြည်ရေး-

# မြန်မာနိုင်ငံဆေးကုသရေးဝန်ထမ်းများကူမင်းသို့ 'ပညာသင်ယူ' တရုတ်အပ်စိုက်နည်းပညာ၊အကြောပြင်နည်းပညာကိုသွားရောက်လေ့လာခြင်း

မြန်မာနိုင်ငံ တရုတ်အပ်စိုက်နည်းပညာ၊ အကြောပြင်နည်းပညာဖလှယ်ရေးမွမ်းမံသင်တန်း ယခုရက်ပိုင်းတွင် ယူနန်တရုတ်တိုင်းရင်းဆေးကောလိပ်တွင် အတန်းဖွင့်လှစ်လိုက်သည်။ မြန်မာနိုင်ငံ ဆေးဝါးကုသကျန်းမာရေးစနစ်မှ ဆေးကုသရေးဝန်ထမ်း (၁၇)ဦးသည် တရုတ်အပ်စိုက်နည်းပညာ၊ အကြောပြင်နည်းပညာဖလှယ်ရေးမွမ်းမံသင်တန်းတွင် ပညာလေ့လာခဲ့ကြပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးနှင့် ယူနန်တရုတ်တိုင်းရင်းဆေးကောလိပ်တို့အကြား ပညာရေးဖလှယ်မှုလုပ်ငန်းများ ဆောင်ရွက်သွားသည်ဖြစ်သည်။

အဆိုပါမွမ်းမံသင်တန်းကို ယူနန်ပြည်နယ်အစိုးရမှ ဦးဆောင်ကျင်းပခြင်းဖြစ်သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အကြံပြုချက်ကို အကောင်အထည်ဖော်ဆောင်နိုင်ရန်ရည်ရွယ်သည်။ တရုတ်မြန်မာနှစ်နိုင်ငံသည် ရိုးရာတိုင်းရင်းဆေးကုသရေးနယ်ပယ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းကို ဖြစ်ထွန်းစေသည်။ မြန်မာနိုင်ငံဆေးကုသရေးနယ်ပယ်ဝန်ထမ်းများသည် သုံးပတ်တာအချိန်ကာလအတွင်းတွင် ယူနန်တရုတ်တိုင်းရင်းဆေးကောလိပ်မှ ထူးချွန်ဆရာများနှင့် အပ်စိုက်နည်းပညာစာတွေနှင့် လက်တွေ့သင်ယူဆည်းပူးသွားခဲ့သည်။ မွမ်းမံသင်တန်းသင်ကြားနေသည့် အချိန်ကာလအတွင်းမှာ အမြဲကြုံတွေ့နိုင်သည့် ရောဂါများ၊ အဖြစ်များသောရောဂါများအတွက် အပ်စိုက်နည်းပညာနှင့် အကြောပြင်နည်းပညာကုသမှုနည်းလမ်းများကို သင်ယူသွားခဲ့သည်။

အပ်စိုက်နည်းပညာ၊ အကြောပြင်နည်းပညာသည် တရုတ်တိုင်းရင်းဆေးရောဂါကုသရေးတွင်အရေးပါသော နည်းပညာများအနက်တစ်ခု အပါအဝင်ဖြစ်သည်။ ယခုလက်ရှိ ကမ္ဘာတဝှမ်းနိုင်ငံအများအပြားလက်ခံနိုင်သော တရုတ်တိုင်းရင်းဆေးကုသမှု နည်းပညာတစ်ရပ်လည်းဖြစ်သည်။ အဆိုပါအကြိမ်မွမ်းမံသင်တန်းသည် မြန်မာတိုင်းရင်းဆေးနယ်ပယ်မှလုပ်ငန်းတူများကို အချိန်တိုအတွင်း တရုတ်အပ်စိုက်နည်းပညာ၊ အကြောပြင်နည်းပညာ အခြေခံဗဟုသုတများကို ပိုင်နိုင်ကျွမ်းကျင်သွားရန် မျှော်လင့်ပါသည်။ ထို့အတူ မြန်မာနိုင်ငံတိုင်းရင်းဆေးနယ်ပယ်မှ လုပ်ငန်းတူများထံမှ မြန်မာတိုင်းရင်းဆေးဝါးဗဟုသုတများအကြောင်းကို ပြန်လည်လေ့လာပြီး မြန်မာနိုင်ငံမှ ကာကွယ်ထိန်းသိမ်း အမွေဆက်ခံသော အတွေ့အကြုံနှင့်နည်းလမ်းကို အတူယူလေ့လာကြသည်။ ရိုးရာတိုင်းရင်းဆေးဝါးများမှာ ရင်ဆိုင်နေရသောစိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို အတူတကွဆွေးနွေးကြသည်။



ယူနန်နှင့်မြန်မာနိုင်ငံသည်ဆက်နွယ်လျက်ရှိသည်။ ယခုနှစ်ပိုင်းတွင်အကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများစွာဖြစ်ထွန်းနိုင်ခဲ့ပါသည်။ နှစ်စဉ်နှစ်တိုင်းမြန်မာနိုင်ငံဆေးဝါးကုသရေး၊ ပညာသင်ကြားရေး၊ ယဉ်ကျေးမှုစသည့် မွမ်းမံသင်တန်းမျိုးစုံကျင်းပခဲ့သည်မှာ အကြိမ်ပေါင်း (၅၀)ကျော်ရှိခဲ့ပါသည်။

ကူမင်းမြို့ အခြေစိုက်မြန်မာသံရုံးမှ ကောင်စစ်ဝန်ချုပ်ဦးစိုးပိုင်က ထိုကဲ့သို့ အမှာစကားပြောကြားခဲ့သည်။ အပ်စိုက်နည်းပညာ၊ အကြောပြင်နည်းပညာသည် မြန်မာနိုင်ငံတွင်လူအများက တဖြည်းဖြည်းလက်ခံလာကြသည်။ မြန်မာတရုတ်နိုင်ငံတို့သည် ဆေးဝါးကျန်းမာရေးနယ်ပယ်အတွင်းဖလှယ်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ခြင်းသည် နှစ်နိုင်ငံပြည်သူလူထုကျန်းမာရေးကိုအကျိုးပြုစေမည်ဖြစ်သည်။ နှစ်ဦးနှစ်ဖက်စလုံးသည် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကိုပိုမိုခိုင်မာအောင်ဆောင်ရွက်ကြပြီး အကျိုးဖြစ်ထွန်းမှုရလဒ်များစွာကို ရယူနိုင်ကြရန် သူကမျှော်လင့်ပါကြောင်း ပြောကြားသွားပါသည်။

## မမေ့နိုင်သော (၁၀)ကြိမ်မြောက် "Chinese bridge"

အောက်တိုဘာလ(၂၈)ရက်နေ့တွင် (၁၀)ကြိမ်မြောက် "Chinese bridge" ကမ္ဘာတစ်ဝှမ်းအလယ်တန်းကျောင်းသားကျောင်းသူများ တရုတ်ဘာသာစကားပြိုင်ပွဲကို ယူနန်ပြည်နယ် ဇာတ်ရုံကြီးတွင် ဗိုလ်လုပွဲနှင့်ပိတ်ပွဲအစီအစဉ်ကို ကျင်းပခဲ့သည်။

အဆိုပါအကြိမ်ပြိုင်ပွဲသည်ကွန်ဖြူးရှပ်အင်စတီကျူဌာနချုပ်၊ နိုင်ငံတော်တရုတ်ဘာသာနိုင်ငံတကာပြန့်ပွားရေးဦးစီးဌာန(ဟန့်ပန့်)၊ ယူနန်ပြည်နယ်အစိုးရတို့မှဦးစီးကျင်းပသည်။ ပြည်နယ်ပညာရေးဦးစီးဌာန၊ ယူနန်နော်မန်တက္ကသိုလ်၊ ယူနန်တက္ကသိုလ်၊ ယူနန်အသံလွှင့်ရုပ်မြင်သံကြားဌာနတို့မှ တွဲဖက်ကျင်းပသည်။ "တရုတ်ဘာသာစကားပြောဆိုတတ်လျှင်သူငယ်ချင်းမိတ်ဆွေများကို နေရာအနှံ့တွင်ပေါင်းသင်းနိုင်ပါသည်"ဟူသောခေါင်းစဉ်ဖြင့် ကျင်းပသည်။ (၁၇)ရက်ကြာကျင်းပသောအစီအစဉ်တွင် နိုင်ငံ(၉၆)နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်သောအဖွဲ့(၁၀၀)ကျော်သည် တရုတ်ဘာသာစကားနှင့်တရုတ်ယဉ်ကျေးမှုဗဟုသုတများ၊ စကားအပြောအဆိုဖော်ပြမှုများ၊ တရုတ်အနုပညာ ကပြတင်ဆက်ခြင်းစသည့်ပြိုင်ပွဲများနှင့် တိုက်ကြီးအလိုက်ပြိုင်ပွဲများ၊ အတော်ဆုံး(၁၀)ဖွဲ့ပြိုင်ပွဲအတွေ့အကြုံများဖြင့် ဗိုလ်လုပွဲသို့တက်ရောက်ရန် တိုက်ကြီး(၅)ခုမှ ချန်ပီယံအဖွဲ့(၅)ဖွဲ့ကို ရွေးချယ်ခဲ့သည်။




အဆိုပါညတွင် ပျော်ရွှင်မြူးကြွသောဖွင့်ပွဲ《ပျော်စရာကောင်းသော တရုတ်ဘာသာစကား》ဖြင့်ဖွင့်ပွဲကပွဲတင်ဆက်ပြီးသည့်နောက် ပထမပွဲစဉ်ဗိုလ်လုပွဲစတင်သည်။ ပြိုင်ပွဲဒိုင်လူကြီးများသည် ယှဉ်ပြိုင်သူ၏ တရုတ်ဘာသာစကားအရည်အချင်းပေါ်မူတည်ပြီး ကာဂျစ်စတန်အဖွဲ့၊ ရုရှားအဖွဲ့(၁)ဖွဲ့နှင့် အမေရိကန်အဖွဲ့(၃)ဖွဲ့အား ဗိုလ်လုပွဲတွင် ပါဝင်ခွင့်ပြုလိုက်သည်။ ဗိုလ်လုပွဲ ဒုတိယပွဲစဉ်အနေနှင့် အနိုင်ရရှိသောအဖွဲ့(၃)ဖွဲ့မှ ယှဉ်ပြိုင်သူများသည် သူတို့တတွေနှင့် "Chinese Bridge"၏ ပုံပြင်များအကြောင်းကို ဖော်ထုတ်ပြောကြားပြီး ပွဲကြည့်ပရိသတ်များ၏ လက်ခုပ်သံများစွာကို ရယူခဲ့သည်။ နောက်ဆုံးတွင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့မှ ယှဉ်ပြိုင်သူနှစ်ဦးသည် သူတို့၏ ချောမွတ်ပြေပြစ်သော တရုတ်ဘာသာစကားနှင့် တရုတ်ယဉ်ကျေးမှုဗဟုသုတများကျွမ်းကျင်မှုဖြင့် ယခုအကြိမ်မြောက် "Chinese Bridge" ကမ္ဘာ့အလယ်တန်း ကျောင်းသားကျောင်းသူများ တရုတ်ဘာသာစကားအဖွဲ့လိုက်ပြိုင်ပွဲ၏ ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲယှဉ်ပြိုင်နေချိန် အားလပ်ချိန်များတွင် တရုတ်နိုင်ငံ ပြည်တွင်းပြည်ပအလယ်တန်းကျောင်းသားကျောင်းသူများသည် 《မိမိကိုယ်မိမိအားကိုးနိုင်သောလူငယ်များ》၊《တရုတ်နိုင်ငံဘက်မှ အစေ》 အကဖြင့် ကပြတင်ဆက်မှုများပြုလုပ်သွားသည်။ ကမ္ဘာ့အလယ်တန်းကျောင်းသားကျောင်းသူများ တရုတ်ဘာသာစကားပြိုင်ပွဲ "Chinese Bridge"အဆက်ဆက်မှ ပထမရရှိသူတို့သည်လည်း ပြိုင်ပွဲနေရာသို့ရောက်ရှိလာပြီး 《ချန်ပီယံလာပါ》 သီချင်းကို အတူသီဆိုကြသည်။ "Chinese Bridge"၏ နောက်ကြောင်း(၁၀)နှစ်တာတိုးတက်ဖွံ့ဖြိုးမှုသမိုင်းများကို အတူပြန်လည်ကြည့်ရှုကြသည်။ ပြိုင်ပွဲသည်ယှဉ်ပြိုင်သူများ၊ ဆရာဆရာမများ၊ စေတနာ့ဝန်ထမ်းများ၊ ပရိသတ်များ၏သီချင်းဆိုသံများနှင့် အော်မြူးသံများအကြားတွင် ပြီးဆုံးခဲ့သည်။

သတင်းထောက် ကျူဟိုင်ချိန်ဖေ

## ဖူအော်ထိုက်ရန်ဟော်နိုင်ငံတော်ဥယျာဉ်ကို "ကမ္ဘာ့ငြိမ်းချမ်းရေးဥယျာဉ်ဘွဲ့အမည်ပေးအပ်ခြင်းခံရ

ယခုရက်ပိုင်းအချိန်တွင် ဖူအော်ထိုက်ရန်ဟော် နိုင်ငံတော်ဥယျာဉ်ကို ကမ္ဘာ့ငြိမ်းချမ်းရေး ခရီးသွားသုတေသနဌာန၏ "ကမ္ဘာ့ငြိမ်းချမ်းရေးဥယျာဉ်"ဘွဲ့အမည်ပေးအပ်ခြင်းခံရပြီး တရုတ်နိုင်ငံတွင် ပထမဆုံးသော "ကမ္ဘာ့ငြိမ်းချမ်းရေးဥယျာဉ်" ဖြစ်လာပါသည်။

အဆိုပါနေ့တွင် ကုလသမဂ္ဂကမ္ဘာ့ခရီးသွားအဖွဲ့အစည်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးခရီးသွားသုတေသနဌာန၊ တစ်နိုင်ငံလုံးဆိုင်ရာ စက်မှုကုန်သည်ကြီးများအဖွဲ့ချုပ်၊ ဟောင်ကောင်ကျုံဟွာကုန်သည်ကြီးများအသင်းချုပ်နှင့်ဖူအော်မြို့ကိုယ်စားလှယ်များသည် "ဖူအော်ထိုက်ရန်ဟော်ကမ္ဘာ့ငြိမ်းချမ်းရေးဥယျာဉ်" ဆိုင်းဘုတ်ကိုလိုက်ကာဆွဲဖွင့်လှစ်ပေးခဲ့ပြီး ချစ်ကြည်ရေးသစ်ပင်ကို အတူတကွစိုက်ပျိုးခဲ့ကြသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ခရီးသွားသုတေသနဌာနသည် ဖူအော်မြို့နှင့်ဖူအော်ထိုက်ရန်ဟော်နိုင်ငံတော်ဥယျာဉ်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် တိုင်းရင်းသားယဉ်ကျေးမှု အမွေဆက်ခံခြင်း စသည့်အပိုင်းကဏ္ဍများတွင် ကြိုးပမ်းဆောင်ရွက်မှုများအပေါ် အသိအမှတ်ပြုခြင်းဖြစ်သည်။ ဥယျာဉ်သည် ကမ္ဘာ့ငြိမ်းချမ်းရေး ခရီးသွားသုတေသနဌာနနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ပါဝင်ကူညီမည်ဖြစ်သည်။ အခြားဒေသ ကမ္ဘာ့ငြိမ်းချမ်းရေးဥယျာဉ်နှင့် ဖလှယ်ခြင်း အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မည်ဖြစ်ပြီး ဥယျာဉ်ကို ငြိမ်းချမ်းရေးပညာပေးလုပ်ငန်းအတွက် အရေးပါသောနေရာအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်ဟု ဖူအော်ထိုက်ရန်ဟော်နိုင်ငံတော်ဥယျာဉ်၏ တာဝန်ခံသူက ပြောကြားခဲ့သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးခရီးသွားသုတေသနဌာနသည် ၁၉၈၇ခုနှစ်တွင် ကနေဒါနိုင်ငံတွင် စတင်တည်ထောင်ခဲ့သည်။ ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးစသည့် ရည်မှန်းချက်များကိုလက်ကိုင်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်နားလည်မှုများရရှိအောင်လုပ်ငန်းများကိုကြိုးပမ်းဆောင်ရွက်နေကြသည်။

သတင်းထောက် ကျူဟိုင်